# ၁၉၅၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံလက်တွေ့သုတေသန လုပ်ငန်းအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၈ ခုနှစ်၊ အက်ဥပဒေ အမှတ် ၉။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံလက်တွေ့သုတေသနလုပ်ငန်းအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမတ က၊ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ။၁၉၅၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံလက်တွေ့သုတေသနလုပ်ငန်းအဖွဲ့အက်ဥပဒေရှိ ပုဒ်မ ၃၉ အစား၊ အောက်ပါကို ပုဒ်မ ၃၉ အဖြစ်ထည့်သွင်းရမည်။

"၃၉။ ။(၁) ကော်မီတီလူကြီးအသီးသီး၏ရာထူးသက်တမ်းသည် သုံးနှစ်ဖြစ်ရမည်။ မည်သည့်ကော်မီတီ လူကြီးမျှ မိမိရာထူး၌ရာထူးသက်တမ်းနှစ်ကြိမ်တဆက်တည်းမထမ်းရွက်ရ။

ရာထူးသက်တမ်း။

ခြွင်းချက်။ ။သို့ရာတွင် ၁၉၅၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံလက်တွေ့သုတေသနလုပ်ငန်းအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေစတင်အာဏာတည်ပြီးသည့်နောက်၊ ပုဒ်မ ၃၈၊ ပုဒ်မခွဲ (၂) အရ၊ ပဌမခန့်ထားသောကော်မီတီလူကြီး ကိုးဦးအနက်၊ ကောင်စီက ခန့်ထားသည့်လူကြီးနှစ်ဦးနှင့် မြန်မာနိုင်ငံသုတေသနအဖွဲ့က ခန့်ထားသော လူကြီးတဦးသည်၊ တနှစ်ကုန်ဆုံးသည့် အချိန်တွင် ရာထူးမှထွက်ရမည်။ ကောင်စီက ခန့်ထားသည့်ကျန်လူကြီးများအနက်နှစ်ဦးနှင့် မြန်မာနိုင်ငံသုတေသနအဖွဲ့က ခန့်ထားသည့်ကျန်လူကြီးများအနက်တဦးသည်၊နှစ်နှစ်ကုန်ဆုံးသည့်အချိန်တွင် ရာထူးမှထွက်ရမည်။ ကျန်လူကြီးသုံးဦးသည်၊ သုံးနှစ်ကုန်ဆုံးသည့်အချိန်တွင်၎င်း၊ ရာထူးမှ ထွက်ရမည်။ တနှစ်ကုန်ဆုံးသည့်အခါ၊ ထွက်ရမည့် ကော်မီတီ လူကြီးများ မည်သူ မည်ဝါဖြစ်ကြောင်း၊နှစ်နှစ်ကုန်ဆုံးသည့်အခါ၊ ထွက်ရမည့်ကော်မီတီလူကြီးများ မည်သူမည်ဝါဖြစ်ကြောင်း၊ မြန်မာနိုင်ငံသုတေသနအဖွဲ့က အမှုဆောင်သုတေသနကော်မီတီ၏ထောက်ခံချက်ကို လွှဲလာ၍ ဆုံးဖြတ်ရမည်။

(၂) ရာထူးမှထွက်ရသောကြောင့်လစ်လပ်သောရာထူး၌ထိုထွက်ရသော ကော်မီတီလူကြီးများအားခန့်ထားသည့်နည်းလမ်းအတိုင်းကော်မီတီလူကြီးသစ်များကို ဆောလျင်စွာဖြည့်စွက်ခန့်ထားရမည်။"

အဘိုး—၁၀ ပြား]
ပါမကြီးစု—အမှတ် ၁၅၂၊ တရားရေးဝန်ကြီးဌာန၊ ၁၀-၆-၅၈—၂,၂၀၀—]။